# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၆။ ရာသီဥတု

**ပထမပတ်**

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "ထ"ဗျည်း (ကဗျာ)ရွတ်ဆိုခြင်း<br>- "ထ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ထ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ထ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ထ"ဗျည်း (ကဗျာ)ရွတ်ဆိုခြင်း<br>- "ထ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ထ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ထ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "တ"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- "တ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "တ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "တ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "တ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း<br>- "တ"ဗျည်းကိုကူးရေးခြင်း<br>- "ဆာလောင်နေသော ဘီလူးကြီး"(ပုံပြင်)ကိုကလေးများပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - "ထ၊တ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ဝ၊ဂ၊ပ၊င၊ထ၊တ"ဗျည်းတို့ကိုအသံနှင့်အမည်ရွတ်ဆိုစေခြင်း<br>- သင်ပုန်းပေါ်တွင်ရေးထားသော"ဝ၊ဂ၊ပ၊င၊ထ၊တ"ဗျည်းတို့မှဆရာခေါ်ပေးသောဗျည်းကိုဝိုင်းစေခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "One,Two" ကဗျာရွတ်ဆိုခြင်း<br>- "O"အက္ခရာရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "One,Two" ကဗျာရွတ်ဆိုခြင်း<br>- "O"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "One,Two" ကဗျာကိုအမူအရာဖြင့်ရွတ်ဆိုခြင်း<br>- "P"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "One,Two" ကဗျာကိုအုပ်စုဖွဲ့၍ရွတ်ဆိုခြင်း<br>- "P"အက္ခရာကိုရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "A,B,C,D" ကဗျာဆိုခြင်း<br>- "A to P" (၁၆)လုံး Letter Bingo ကစားနည်းကစားခြင်း<br>(ပြောဆိုဆက်သွယ်) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅-၁၁:၄၅ | - ပတ်ဝန်းကျင်ကို လေ့လာခြင်း (နွေရာသီ အတွက်) (စာရိတ္တ၊ မိတ္တ) | - ပူအိုက်သော အခါ ဝတ်ဆင်ရသော အဝတ်အထည်များ ဆွေးနွေးခြင်း<br>- နွေရာသီတွင် အသုံးပြုရသည့် အသုံးအဆောင်များဖြင့်ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ပတ်ဝန်းကျင်ကို လေ့လာခြင်း (မိုးရာသီ အတွက်) (စာရိတ္တ၊ မိတ္တ) | - မိုးရာသီတွင် ဖြစ်တတ်သော အန္တရာယ်များကို ဆွေးနွေးခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - မိုးရာသီတွင် ဖြစ်တတ်သော အန္တရာယ်များကို ဆောင်ရန်၊ ရှောင်ရန် ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) |
| ၁၁:၄၅-၁၂:၁၅ | - ရုပ်ပုံများ လေ့လာခြင်း<br>- စာသင်ခန်း အတွင်းအဆင် ပုံစံများ လေ့လာခြင်း<br>- လွယ်ကူသော အဆင်ပုံစံများ လေ့လာခြင်း (သင်္ချာ) | - လွယ်ကူသော အဆင့် ပုံစံများ ပြုလုပ်ခြင်း (သင်္ချာ) | - မိုးရာသီတွင် တွေ့ရသော တိရစ္ဆာန်များ၏ လှုပ်ရှားမှု အတိုင်း လုပ်ဆောင်ခြင်း (စာရိတ္တ၊ မိတ္တ) | - ရုပ်ပုံကြည့်၍ ပြောခြင်း<br>- (မိုးရာသီ အန္တရာယ် ရုပ်ပုံများ) (ကိုယ်စိတ်နှစ်ဖြာ) | - ရောင်စုံပုတီးစေ့ သီကုံးခြင်း<br>- "ကုလားမစည်းနင်း"ကစားခြင်း (သင်္ချာ) |
| ၁၃:၃၀-၁၄:၀၀ | - "နွေ၊မိုး၊ဆောင်း" ကဗျာရွတ်ဆိုခြင်း (အနုပညာရသ) | - နွေရာသီအသုံးပြုသောအသုံးအဆောင်များ ပုံဆွဲခြင်း (အနုပညာရသ) | - မိုးရာသီတွင်တွေ့ရသောအကောင်ကလေးများမှ မိမိနှစ်သက်ရာပုံ ဆွဲခြင်း (အနုပညာရသ) | - "မိုးခြိမ်းသံကြား" ကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - "သက်တံ" ပြုလုပ်ခြင်း (အနုပညာရသ) |

DBEBOX

## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်
## ၆။ ရာသီဥတု

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-<br>၁၀း၁၅ | - "က"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "က"ဗျည်းအသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "က"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "က"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "က"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "က"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "က"ဗျည်းကို ကူးရေးခြင်း<br>- "ဆာလောင်နေသော ဘီလူးကြီး" (ပုံပြင်)ကို ကလေးများ ပြောခြင်း<br>(ပြောဆိုဆက်သွယ်) | - "က"ဗျည်း ပုံဖော်ကစားနည်းဖြင့် ကစားခြင်း<br>- "ဘ"ဗျည်းကဗျာ ရွတ်ဆိုခြင်း<br>- "ဘ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဘ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဘ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဘ"ဗျည်း ပုံဖော် ကစားနည်းဖြင့် ကစားခြင်း<br>- "ဘ"ဗျည်းအသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဘ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဘ"ဗျည်းကို ကူးရေးခြင်း<br>- မိမိနှစ်သက်ရာ ပုံရေးဆွဲခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဘ"ဗျည်း အသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "ဘ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဘ"ဗျည်းကို ကူးရေးခြင်း<br>- "ဝ၊ဂ၊ပ၊င၊ထ၊တ၊က၊ဘ"ဗျည်း စာလုံးများမှ ဆရာခေါ်ပေးသောဗျည်းကို ဝိုင်းစေခြင်း Bingo ကစားနည်း ကစားခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-<br>၁၁း၁၅ | - "A to P" (၁၆)လုံး letter Bingo ကစားနည်း ကစားခြင်း<br>- "A,B,C,D" ကဗျာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "One,Two" ကဗျာကို ရွတ်ဆိုခြင်း<br>- "Q"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "A to P" အက္ခရာ ကတ်ပြားများဖြင့် ကစားခြင်း<br>- "Q"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "A,B,C,D" သီချင်း (သို့) "One,Two" ကဗျာ ရွတ်ဆိုခြင်း<br>- "R"အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - နှစ်သက်ရာ ကဗျာ ရွတ်ဆိုခြင်း<br>- "L,M,N,O, P,Q,R" အက္ခရာကို ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၁၅-<br>၁၁း၄၅ | - ပတ်ဝန်းကျင် လေ့လာခြင်း (ဆောင်းရာသီ) (စာရိတ္တ၊ မိတ္တ) | - ဆောင်းရာသီ တွင်ဝတ်ဆင် ရမည့်အဝတ် အထည်များကို မေး/ဖြေ ပြုလုပ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ရုပ်ပုံများကို လေ့လာခြင်း (နွေ၊မိုး၊ဆောင်း မြင်ကွင်းပုံ) (ပတ်ဝန်းကျင်လောက) | - သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်၍ လက်တွေ့သရုပ် ဆောင် လေ့ကျင့်ခြင်း (ရေကြီးခြင်း) (ကိုယ်စိတ်နှစ်ဖြာ) | - သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်၍ လက်တွေ့သရုပ် ဆောင်လေ့ကျင့် ခြင်း (ငလျင်လှုပ်ခြင်း) (ကိုယ်စိတ်နှစ်ဖြာ) |
| ၁၁း၄၅-<br>၁၂း၁၅ | - ၁မှ၅အထိ ကိန်းများနှင့် ပတ်သက်သော ကဗျာသီချင်း ဆိုခြင်း<br>- ပစ္စည်းများ ရေတွက်ခြင်း (သင်္ချာ) | - ဆောင်းရာသီ အလေ့အထ များဆောင်ရန်၊ ရှောင်ရန် ကစားခြင်း<br>- နွေ၊မိုး၊ဆောင်း ကစားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ရုပ်ပုံများကို လေ့လာခြင်း (နွေ၊မိုး၊ဆောင်း မြင်ကွင်းပုံ) (ပတ်ဝန်းကျင်လောက) | - ကိန်းကတ်ပြား ပေါ်ရှိကိန်း များကိုဖတ်ခြင်း<br>- ရေတွက်ခြင်း (သင်္ချာ) | - ၁ မှ ၂ ကိန်း များကို လေထဲ တွင်ရေးဆွဲ ခြင်း<br>- ကျောပေါ်တွင် ရေးဆွဲခြင်း<br>- စာအုပ်ထဲတွင် ကူးရေးခြင်း (သင်္ချာ) |
| ၁၃း၃၀-<br>၁၄း၀၀ | - "နွေ၊မိုး၊ဆောင်း" ကဗျာရွတ် ဆိုခြင်း (အနုပညာရသ) | - ဆောင်းရာသီ အဝတ်အထည် များကိုပုံဆွဲ ဆေးခြယ်ခြင်း (အနုပညာရသ) | - စက္ကူဖြင့် ဖြတ်၊ ညှပ်၊ကပ် ပုံဖော်ခြင်း (အနုပညာရသ) | - ဖားငယ်ကလေး သီချင်းကိုဟန် အမူအရာဖြင့် သီဆိုခြင်း (အနုပညာရသ) | - နွေ၊မိုး၊ ဆောင်း ရာသီ(၃)မျိုးမှ မိမိနှစ်သက်ရာ အဝတ်အထည် (သို့)အသုံး အဆောင်တစ်ခု ကိုပုံဆွဲ ဆေးခြယ်ခြင်း (အနုပညာရသ) |

DBE BOX

## ရာသီဥတု

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ထ"ဗျည်းအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ထ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ထ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ထ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့် အမည်ရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။
- "ထ"ဗျည်း၏အမည်သည် "ထဆင်ထူး" ဖြစ်သည်။

**"ထ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်းပြုလုပ်ပါ။
- (ဥပမာ- ထမင်း၊ ထမနဲ)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ထ"ဗျည်းကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ထ"ဗျည်းကိုကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာများကူးရေးခြင်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ One,Two**သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

One,Two

- One,Two Buckle My Shoes
- Three, Four, Shut The Door
- Five, Six, Pick Up Sticks
- Seven, Eight, Lay Them Straight
- Nine, Ten A Big Fat Hen.
- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "O''အက္ခရာအမည်ကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။"O''**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိရာသီဥတုအခြေအနေကိုစူးစမ်းလေ့လာတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပတ်ဝန်းကျင်ကိုလေ့လာခြင်း (မိနစ် ၃၀)**

- ဆရာကစာသင်ခန်းအပြင်သို့ခေါ်သွားပြီး မိုးကောင်းကင်ပတ်ဝန်းကျင် အခြေအနေကို လေ့လာပါစေ။ (သို့) နွေရာသီမြင်ကွင်းပုံကားချပ်ကိုပြပြီး ရုပ်ပုံတွင် ဘာတွေတွေ့ရသလဲ၊ ဘယ်ဥတုလို့ထင်သလဲ။ ဆရာနှင့် အပြန်အလှန် ဆွေးနွေးမေးမြန်းပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ပတ်ဝန်းကျင်ရှိအဆင်ပုံစံများကိုသတိပြုမိပြီးပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **ရုပ်ပုံလေ့လာခြင်း (၁၀ မိနစ်)**

ကလေးများအား ၎င်းတို့သိသောတိရစ္ဆာန်များကို ပြောပါ။ (ကျား၊ မြင်းကျားစသော အဆင်ပုံစံများ ပါသည့်တိရစ္ဆာန်များ ပါအောင် ဦးဆောင်မေးပါ။)

- ကျားပုံကိုပြ၍ကျား၏ကိုယ်ပေါ်ရှိအစင်းများ၏အဆင်ပုံစံကိုလေ့လာပါစေ။(ကလေးများ မလေ့လာတတ်ပါက ဆရာမှ ဦးဆောင် ပေးပါ။)(ဝါ၊ နက်၊ ဝါ၊ နက် . . . . )AB Pattern
- မြင်းကျားပုံကိုပြ၍ မြင်းကျား၏ကိုယ်ပေါ်ရှိအစင်းများ၏အဆင်ပုံစံကို လေ့လာပါစေ။ (ဖြူ၊ နက်၊ ဖြူ၊ နက်)AB Pattern

လုပ်ငန်းစဉ်(၂)။ ။**စာသင်ခန်းတွင်းလေ့လာခြင်း (၁၀ မိနစ်)**

- ကလေးများ အဆင်ပုံစံများကိုသိရှိပါက စာသင်ခန်းတွင်းရှိ အဆင်ပုံစံများကို လေ့လာပါစေ။ (ဥပမာ - နံရံကပ်ကြွေပြား၊ အကာထရံ၊ အခင်း၊ ကြမ်းခင်း၊ အဝတ်အစား၊ လွယ်အိတ်. . . စသည်)
- ဥပမာ- ထရံအကွက်(-॥-॥-॥-॥)(သို့)
- ကလေးများ လေ့လာခဲ့သည်များကို ပြောချင်သည့် ကလေးများရှိပါက ၎င်းတို့တွေ့ရှိသည်များကို ပြောပါစေ။

လုပ်ငန်းစဉ်(၃) ။ ။ **လွယ်ကူသောအဆင်ပုံစံလေ့လာခြင်း (၁၀ မိနစ်)**

- ဆရာမှ လွယ်ကူသောအဆင်ပုံစံ (၂မျိုးသာ) ပါသော AB Pattern ကို လေ့လာပါစေ။
- AB Patternဆိုသည်မှာ (ဖြူ၊ နက်၊ ဖြူ၊ နက်)
- ကလေးများအား၎င်းတို့ ပတ်ဝန်းကျင်ရှိလွယ်ကူသော အဆင်ပုံစံ [AB Pattern (၂မျိုးသာ)] ပါသောပုံကိုအိမ်တွင်လေ့လာခဲ့ပါစေ။
- လွယ်ကူသောပစ္စည်းများဖြစ်ပါက ယူလာပါစေ။(အဝတ်အစားများ၊ လက်သုတ်ပဝါ၊ စောင် Packing Paper တို့တွင်ပါသော အဆင်ပုံစံများ . . . စသည်)

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကိုဟန်အမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **နွေ၊ မိုး၊ ဆောင်း ကဗျာကို ဟန်အမူအရာဖြင့် သီဆိုခြင်း (မိနစ် ၃၀)**

**"နွေ၊ မိုး၊ ဆောင်း"**

အမလေးတော့ ပူလိုက်တာ
နွေရာသီရောက်လာ
အမလေးတော့
လေပြင်းမုန်တိုင်းလာ
မိုးတွင်းရောက်ပြီလား
နှင်းမှုန်တွေတဖွဲဖွဲကျလို့လာ
ဆောင်းတွင်းရောက်ပြီကွာ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ထ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ထ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးခဲ့သောဗျည်း(ကဗျာ)ရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ထ"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **"ထ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးခဲ့သောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။

- “ထ”ဗျည်း၏အမည်သည်“ထဆင်ထူး”ဖြစ်သည်။

**“ထ”ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်းပြုလုပ်ပါ။(ဥပမာ- ထမင်း၊ ထမနဲ)

အသေးစိတ်သင်ယူမှုရလဒ်။ ။“ထ”ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**“ထ”ဗျည်းကိုကူးရေးခြင်း (မိနစ်၃၀)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို မှန်ကန်စွာ ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။ One,Two **သီချင်းကဗျာ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ “O” အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။ “O”**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။နေပူဒဏ်ကို ကာကွယ်နေထိုင်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ဆွေးနွေးခြင်း (၁၀ မိနစ်)**

- ပူအိုက်သောအခါ ဝတ်ဆင်ရသော အဝတ်အထည်များကို ဆရာနှင့် ကလေးများ အပြန်အလှန် ဆွေးနွေးပါစေ။

လုပ်ငန်းစဉ်(၂) ။ ။ **ဆောင်ရန်၊ ရှောင်ရန် ကစားခြင်း (မိနစ် ၂၀)**

- ဆရာက အောက်ပါအကြောင်းအရာများကို ရွတ်ဆိုပြပါ။ ပြုလုပ်သင့်သည့် အချက်ဆိုလျှင် ကလေးများက မတ်တတ်ရပ်ရပါမည်။ ရှောင်ရမည့်အချက်ဆိုလျှင် မတ်တတ်မရပ်ရပါ။
- နေပူထဲတွင် ခေါင်းဆောင်း(ထီး၊ ဦးထုပ်) မပါဘဲ သွားမည်။
- သစ်ပင်ရိပ်အောက်တွင် ကစားရမည်။
- နေပူထဲတွင် ထီးဆောင်းပြီးသွားမည်။
- နေပူထဲတွင် ဦးထုပ်ဆောင်းပြီးသွားမည်။
- နွေရာသီတွင် ယပ်တောင်ခတ်နေမည်။
- နေပူထဲတွင် အုပ်စုဖွဲ့ကစားမည်။
- နေပူထဲတွင် ဖိနပ်မပါဘဲ သွားမည်။
- နွေရာသီတွင် ပန်ကာဖွင့်နေမည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရာဝတ္ထုများ၊ ပစ္စည်းများကိုအသုံးပြု၍ လွယ်ကူသော အဆင်ပုံစံများ (AB Pattern) များပြုလုပ်တတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။ **လွယ်ကူသောအဆင်ပုံစံပြုလုပ်ခြင်း (မိနစ် ၂၀)**

- ဆရာက လွယ်ကူသောအဆင်ပုံစံ (AB Pattern)ကို ကလေးများနှင့်အတူ ပြုလုပ်ပါ။ ကလေးများနားလည်သဘောပေါက်သည်အထိ ပြုလုပ်ပါ။

- KG- Kit တွင် ပါဝင်သော ဘလောက်တုံး ၂ မျိုးကိုသုံး၍ လွယ်ကူသော အဆင် ပုံစံ (AB Pattern) ကို ပြုလုပ်ပါစေ။
- ဥပမာ- ○ ▭ ○ ▭
- (အခြားပစ္စည်းများနှင့်လည်းပြုလုပ်နိုင်ကြောင်းပြောပါ။)
- ဆရာက ကျောင်းသားများကို ၅ယောက်တစ်အုပ်စုဖွဲ့ပါမည်။
- ကျောင်းသားများ၏ ခဲတံ၊ ခဲဖျက်များကို စုစည်းပါမည်။
- ထိုခဲတံ၊ ခဲဖျက်များကို အသုံးပြု၍ လွယ်ကူသောပုံစံ(Pattern) ပြုလုပ်ပါစေ။ (သစ်ရွက်၊ ကျောက်တုံး၊ ပန်းပွင့်စသည်တို့ကိုလည်းအသုံးပြုနိုင်ပါသည်။)
- ဥပမာ-သစ်ရွက်၊ ပန်းပွင့်၊ သစ်ရွက်၊ ပန်းပွင့်၊ . . . . တစ်လှည့်စီ စီပါစေ။)

လုပ်ငန်းစဉ်(၂)။ ။**အဆင်ပုံစံအရဆက်လက်ပုံဖော်ခြင်း (၁၀ မိနစ်)**
- ထိုနောက်ဆရာက စက္ကူဖြင့်အောက်ပါပုံများကိုညွှပ်ပါ။ ပုံများကိုဆက်လက်ပုံဖော်ပါစေ။
- ■●■●■....?....
- △♥△♥△.....?....
- □■□■□....?....

အသေးစိတ်သင်ယူမှုရလဒ် ။ ။ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲခြင်း (မိနစ်၃၀)**
- နွေရာသီမှာအသုံးပြုရသောအသုံးအဆောင်များကိုပုံဆွဲပြီးဆေးခြယ်ပါ။

(မှတ်ချက်။ ။ဗုဒ္ဓဟူးနေ့ မှစ၍ သင်ခန်းစာကို မိုးရာသီနှင့်ကိုက်ညီသော အချိန်တွင် သင်ကြားပါ။)

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"တ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။**"တ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (မိနစ် ၂၀)**
- ယခင်သင်ကြားပြီးသောဗျည်း(ကဗျာ)ရွတ်ဆိုခြင်းနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"တ"ဗျည်း၏အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၀ မိနစ်)**
- ယခင်သင်ကြားခဲ့ပြီးသော ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "တ"ဗျည်း၏အမည်သည် "တဝမ်းပူ"ဖြစ်သည်။

**"တ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း**
- ယခင်သင်ပြီးခဲ့သော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းနည်းအတိုင်း ပြုလုပ်ပါ။
- (ဥပမာ- တယော၊ တမာပင်၊ တလင်း)

အသေးစိတ်သင်ယူမှုရလဒ်။ ။"တ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တ"ဗျည်းကိုကူးရေးခြင်း (မိနစ် ၃၀)**
- ယခင်သင်ကြားပြီးသောဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။One,Two **သီချင်းကဗျာကို အမူအရာဖြင့် ရွတ်ဆိုခြင်း (၁၅ မိနစ်)**
- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။



DRE BOX

အသေးစိတ်သင်ယူမှုရလဒ်။ "P"အက္ခရာအမည်ကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။"P"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပတ်ဝန်းကျင်ရှိရာသီဥတုအခြေအနေကို စူးစမ်းလေ့လာတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**ပတ်ဝန်းကျင်လေ့လာခြင်း (မိနစ် ၃၀)**

- ဆရာက စာသင်ခန်းအပြင်ဘက်သို့ ကလေးများကိုခေါ်သွားပြီး မိုးကောင်းကင်ကို ကြည့်ရှုလေ့လာပါစေ။ (သို့မဟုတ်) မိုးရာသီမြင်ကွင်းပုံကိုပြပြီး ပုံထဲတွင်ဘာတွေ တွေ့ရသလဲ။ အဲဒီအချိန်မှာ ဘာတွေဖြစ်တတ်လဲ။ ဆရာနှင့် ကလေးများအပြန်အလှန်မေးမြန်းဆွေးနွေးမည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိုးရာသီတွင်တွေ့နိုင်သော အကောင်ငယ်များကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၂)။ ။**တိရစ္ဆာန်များ၏လှုပ်ရှားပုံအတိုင်းပြုလုပ်ခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများကို မိုးရာသီတွင် တွေ့ရသောအကောင်များအမည်ကို မေးပါမည်။ (ဖား၊ ခရု၊ ပက်ကျိ၊ တီကောင်၊ ကျွတ်၊ မျှော့)
- မိုးရာသီတွင် တွေ့ရသော အကောင်လေးများ လှုပ်ရှားသွားလာပုံကို ကလေးများအား လက်တွေ့ပြုလုပ်ခိုင်းပါ။ ဖားငယ်ကလေးကဗျာကိုသီဆို၍ လက်တွေ့ဖားခုန်ခုန်သွားခြင်း ပြုလုပ်ပါစေ။

**"ဖားငယ်ကလေး"**

(ဖားငယ်ကလေး)၂

သူတို့အော်သံကြား

(အုံးအွမ် ကွမ် ကွမ်)၂

အုံးအွမ် ကွမ် ကွမ် ကွမ်

(အမြီးမရှိ)၂ အသံကျယ်စွာအော်

(အုံးအွမ် ကွမ် ကွမ်)၂

အုံးအွမ် ကွမ် ကွမ် ကွမ်။

အသေးစိတ်သင်ယူမှုရလဒ် ။ ။ပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**ပုံဆွဲခြင်း (မိနစ် ၃၀)**

- မိုးရာသီတွင် တွေ့ရသော အကောင်လေးများမှ မိမိနှစ်သက်သော အကောင်များကို ပုံဆွဲပါ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"တ"ဗျည်းကိုပိုမိုမှတ်မိပြီးကစားတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်ကစားခဲ့ပြီးသောဗျည်းကစားနည်းအတိုင်း ဆောင်ရွက်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"တ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တ"ဗျည်းကိုကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာရေးနည်းအတိုင်း ရေးပါစေ။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုအမူအရာဖြင့် ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဆာလောင်နေသောဘီလူးကြီး"ပုံပြင်ပြောခြင်း (မိနစ် ၃၀)**

- ယခင်သင်ပြီးခဲ့သည့်ပုံပြင်ပြောနည်းအတိုင်း ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ One,Two **သီချင်းကဗျာကို အုပ်စုဖွဲ့၍ ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- အင်္ဂလိပ်ကဗျာများ ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"P" အက္ခရာအမည်ကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ "P"**အက္ခရာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်အက္ခရာရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ် ။ ။မိုးရာသီတွင် ဖြစ်တတ်သော အန္တရာယ်များပြောပြတတ်ရန်။

လုပ်ငန်းစဉ်(၁) ။ ။**အပြန်အလှန်ဆွေးနွေးခြင်း (၁၅ မိနစ်)**

- မိုးရွာလျှင်ဖြစ်နိုင်သောအန္တရာယ်များကို ဆရာနှင့်ကလေးများအပြန်အလှန်ဆွေးနွေးမည်။ (ရေကြီးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြေပြိုခြင်း၊ သစ်ပင်လဲကျခြင်း၊ ဓာတ်ကြိုးများ ပြတ်ကျခြင်း)

လုပ်ငန်းစဉ်(၂)။ ။**ရုပ်ပုံကြည့်၍ပြောခြင်း (၄၅ မိနစ်)**

- (စာမဲ့ရုပ်ပုံ)ရုပ်ပုံများကို ကလေးများ နားလည်သလိုစီပြီး ပြောပြခိုင်းမည်။
- မိုးရွာထဲမှာ ကလေးလမ်းလျှောက်လာပုံ
- ရေထဲမှာ အရုပ်လေးမျောလာပုံ
- ကလေးအရုပ်လိုက်ကောက်ပုံ
- လူ (၁) ယောက်ထီးဆောင်းပြီး လျှောက်လာပုံ
- ကလေးတစ်ဦး ရေနစ်နေပုံ
- လူကြီးက ကလေးကိုဆယ်ယူပြီး နှစ်ယောက်အတူရှိပုံ

အသေးစိတ်သင်ယူမှုရလဒ် ။ ။ကဗျာကိုသီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**မိုးခြိမ်းသံကြားကဗျာကိုအမူအရာဖြင့်သီဆိုခြင်း (မိနစ် ၃၀)**

**"မိုးခြိမ်းသံကြား"**

မိုးတွေလေတွေတခြိမ်းခြိမ်း
(တုတ်တုတ်ဂျိမ်း)[၂]
ယိမ်းကရအောင် ကရအောင်
ပတ်ဗေဒိုးပြောင်ဗေဒိုးပြောင်
မောင်တို့မယ်တို့ညီစေသား
ဝိုင်းကြပါလား ဝန်းပါလား
ဟေးလား မောင်တို့ဝါး။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ထ၊တ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ် ။ ။**"ထ၊တ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးခဲ့သောဗျည်း(ကဗျာ)ရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။



DBE Box